Myanmar Centre for Responsible Business



ကဏ္ဍအလိုက် အနှစ်ချုပ်မှတ်စု

# မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ

နိုဝင်ဘာ ၂၀၁၈

+ 95 1 512613 | info@myanmar-responsiblebusiness.org|www.mcrb.org.mm

ဤအနှစ်ချုပ်မှတ်စုသည် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)၏ ၂၀၁၈ ခုနှစ်တွင် ထွက်ရှိသည့် "မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းများအကြောင်း စာတမ်းအနှစ်ချုပ်"အား ဖြည့်စွက်ပံ့ပိုးပေးပါသည်။ ဤမှတ်စုသည် မြန်မာနိုင်ငံတစ်ဝန်း၌ အများစုအားဖြင့် တွေ့ရှိရသည့် အသေးစားလယ်သမားများကို ရည်ရွယ်ခြင်းမဟုတ်ဘဲ စီးပွားဖြစ်စိုက်ခင်းများအား လုပ်ကိုင်နေသည့် ကုမ္ပဏီများကို ရည်ရွယ်ထားခြင်းဖြစ်သည်။ စီးပွားဖြစ်စိုက်ခင်းများသည် ဇီဝမျိုးစုံ မျိုးကွဲများအပေါ် ပိုမိုသိသာထင်ရှားသည့် သက်ရောက်မှုများ ကျရောက်နိုင်ခြေရှိသဖြင့် အဆိုပါသက်ရောက်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် စွမ်းရည်နှင့် အရင်းအမြစ်များ ရှိသင့်သည် (သို့မဟုတ်) ရှိလာစေရန် ဆောင်ရွက်သင့်သည်။

## စိုက်ပျိုးရေးလုပ်ငန်းမှ ဇီဝမျိုးစုံမျိုးကွဲများအား ကိုင်တွယ်ဖြေရှင်းခြင်း၏ စီးပွားရေးအရ အကျိုးကျေးဇူးများ

စိုက်ပျိုးရေးကဏ္ဍမှ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ကျရောက်နိုင်ခြေရှိသည့် အကြီးစားသက်ရောက်မှုများနှင့် စပ်လျဉ်း၍ စာတမ်းအများအပြား လေ့လာပြုစုထားပြီးဖြစ်သည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအရ စိုက်ပျိုးရေးကဏ္ဍသည် အခြားကဏ္ဍများထက် နှိုင်းယှဉ်လျှင် မျိုးစိတ်များ ရှင်သန်နိုင်ရေးအပေါ် ပိုမိုသိသာထင်ရှားသည့် ခြိမ်းခြောက်မှုတစ်ရပ် ကျရောက်စေသည်။[1] ပင်မစာတမ်းအနှစ်ချုပ်တွင် ဖော်ပြထားသည့် ဇီဝမျိုးစုံမျိုးကွဲများအား ကိုင်တွယ်ဖြေရှင်းခြင်း၏ စီးပွားရေးဆိုင်ရာ ယေဘုယျ အကျိုးကျေးဇူးများအပြင် စိုက်ပျိုးရေးလုပ်ငန်းများမှ ၎င်းတို့၏ သက်ရောက်မှုများအား လျော့နည်းစေရန် လုပ်ဆောင်သင့်သည့် အခြားအကြောင်းအရင်းများလည်း ရှိပါသည်။

- စိုက်ပျိုးရေး လုပ်ငန်းများသည် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် များသောအားဖြင့် မှီခိုနေကြသည်။ (ဥပမာအားဖြင့် သန့်ရှင်းသည့်ရေ၊ ပန်းဝတ်မှုန်ကူးခြင်း၊ ဇီဝဗေဒနည်းလမ်းများအရ ပိုးမွှားနှိမ်နင်းခြင်း၊ မြေဆီနှင့် ရေထိန်းသိမ်းခြင်း၊ အာဟာရစက်ဝန်း လည်ပတ်ခြင်း၊ ရာသီစက်ဝန်းလည်ပတ်ခြင်း၊ ရေစီးဆင်းခြင်းများအတွက်)
- ဇီဝဗေဒအားဖြင့် စုံလင်သည့် မြေသားများသည် ယေဘုယျအနေဖြင့် စိုက်ပျိုးရေးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေပါသည်။ စိုက်ခင်း၌ သီးနှံပင်မျိုးဗီဇ စုံလင်ခြင်းသည် ရောဂါပိုးကို ခုခံနိုင်စွမ်းအား၊ သီးနှံထွက်နှုန်းနှင့် မမျှော်မှန်းထားသည့် ရာသီဥတုပြောင်းလဲမှုများအား တောင့်ခံနိုင်ခြင်း အစရှိသည်တို့ကို ထိန်းသိမ်းရာတွင် အရေးပါသည့် အဓိကအချက်ဖြစ်သည်။ မျိုးဗီဇစုံလင်သည့် အပူပိုင်းဒေသရှိ သစ်တောများသည် မျိုးဗီဇအသစ်များနှင့် စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သည့် ဒြပ်ပေါင်းများ ရှာဖွေဖော်ထုတ်ရန်ရာတွင် အလွန်အရေးပါသည့် နေရာဒေသများဖြစ်သည်။
- ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ သက်ရောက်မှုများအား ဆန်းစစ်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည် မြန်မာနိုင်ငံရှိ ဥပဒေများအရ လိုအပ်ချက်တစ်ရပ်ဖြစ်သည် (အသေးစိတ် အချက်အလက်များကို အောက်တွင် ကြည့်ပါ)
- အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝပြီး အစိုးရမှ ကာကွယ်စောင့်ရှောက်ပေးနိုင်စွမ်း နည်းပါးသည့် နိုင်ငံများတွင် နိုင်ငံတကာနှင့် ပြည်တွင်းရှိ အရပ်ဖက် လူ့အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများမှ စိုက်ပျိုးရေးကဏ္ဍအား ပိုမိုစောင့်ကြည့်အကဲဖြတ်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ သက်ရောက်မှုများနှင့် စပ်လျဉ်း၍ အစီရင်ခံစာအများအပြား ပြုစုရေးသားထားပြီးဖြစ်သည်။

## မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ကျရောက်စေနိုင်သည့် ခြိမ်းခြောက်ခံရမှုများ

မြန်မာတစ်နိုင်ငံလုံးနီးပါးသည် ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝသည့် အင်ဒို-ဘားမား ဇုန်အတွင်း တည်ရှိနေပြီး အဆိုပါဇုန်သည် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဇီဝမျိုးစုံမျိုးကွဲအရေးအတွက် မြောက်များစွာနှင့် ရှားပါးသတ္တဝါများ နေထိုင်ကျက်စားသည့် ဇုန်ကြီး သုံးဆယ့်ငါးခုအနက်မှ တစ်ခုဖြစ်သည် (အောက်တွင် ကြည့်ပါ)။ လက်ရှိ အတည်ပြုထားပြီးဖြစ်သော သဘာဝထိန်းသိမ်းရေး နယ်မြေ ၄၂ ခုနှင့် အဓိကအရေးပါသည့် ဇီဝမျိုးစုံမျိုးကွဲများတည်ရှိရာ နယ်မြေများ (KBAs) ၁၃၂ ခု တို့နှင့် စပ်လျဉ်းသည့် အသေးစိတ် အကြောင်းအရာများကို နောက်ဆက်တွဲ စာတမ်းဖြစ်သည့် "မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများ။ ထပ်မံဖတ်ရှုရန်နှင့် မြေပုံများ၊ မြန်မာနိုင်ငံရှိ လက်ရှိနှင့် အဆိုပြုထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ" တွင် ဖတ်ရှုနိုင်ပါသည်။



သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု တန်ဖိုးမြင့်မားသည့်နေရာများ အနီးအနားဝန်းကျင် အပါအဝင် နိုင်ငံတွင်းရှိ နေရာအများအပြားတွင် စီးပွားဖြစ်စိုက်ပျိုးရေးအား လက်ရှိလုပ်ကိုင်လျက်ရှိသည် (ပုံ - ၁ ကိုကြည့်ပါ)။ မြန်မာနိုင်ငံအစိုးရမှ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းအား ဆက်လက်အားပေး မြှင့်တင်သည်နှင့်အမျှ နိုင်ငံတွင်းရှိ အခြားဒေသများသို့ပါ စိုက်ခင်းများ ထပ်မံချဲ့ထွင်ရောက်ရှိသွားမည်ဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးကြီးနေရာများ၊ အရေးကြီးသည့် ဂေဟစနစ် ဝန်ဆောင်မှုများရှိသည့် နေရာများနှင့် စိုက်ခင်းများ တစ်နေရာတည်း ထပ်တူကျရောက်သွားနိုင်ခြေ ပိုမိုများပြားလာလေဖြစ်သည်။ အကြီးစား စိုက်ခင်းအများစုအား မြန်မာနိုင်ငံ သို့မဟုတ် အာရှကုမ္ပဏီများမှ လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတကာရှိ ရေရှည် တည်တံ့ခိုင်မြဲရေးဆိုင်ရာ သတ်မှတ်ချက်များအား လက်တွေ့ကျင့်သုံးလျက်ရှိသည့် နိုင်ငံတကာကုမ္ပဏီ အနည်းအကျဉ်းသာ ရှိပါသည်။

### အကန့် ၁။ စိုက်ပျိုးရေးကဏ္ဍ၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများနှင့် စပ်လျဉ်း၍ အခြားသော အကြောင်းအရာ အချက်အလက်များ။

- စိုက်ပျိုးရေးလုပ်ငန်းများမှ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူ့အခွင့်အရေးပေါ် ကျရောက်နိုင်ခြေရှိသည့် ရွေးချယ်ထားသော အချို့သော သက်ရောက်မှုများစာရင်းကို "အကြီးစားစိုက်ပျိုးရေး"ဟူသည့် ဇယားကွက် (၁) တွင် ဖတ်ရှုနိုင်ပါသည်။
- မြန်မာနိုင်ငံရှိ ဆီအုန်းကဏ္ဍ၏ လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ၏ အသေးစိတ် သုံးသပ်ချက်အတွက်မူ MCRB မှ မကြာမီ ထွက်ရှိလာမည့် မြန်မာ့ဆီအုန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ (၂၀၁၉) တွင် ဖတ်ရှုနိုင်ပါသည်။
- စိုက်ပျိုးရေးကဏ္ဍ၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သက်ရောက်မှုများ၏ အသေးစိတ်စာရင်းကို သိရှိလိုပါက အောက်ဖော်ပြပါ အကြံပြုချက်များအပိုင်းရှိ အဝါရောင်ခြယ်ထားသော အရင်းအမြစ်များကို လေ့လာနိုင်ပါသည်။
- စီးပွားရေးလုပ်ငန်းများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများကြားရှိ ဆက်စပ်မှုများ၏ အသေးစိတ် အကြောင်းအရာကို သိရှိလိုပါက အနှစ်ချုပ်စာတမ်း၏ အကန့် - ၄ ကို အထူးသဖြင့် လေ့လာဖတ်ရှုနိုင်ပါသည်။



+95 1 512613 info@myanmar-responsiblebusiness.org www.mcrb.org.mm

## မြေပုံ ၁။ မြန်မာနိုင်ငံရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ




Source: WCS, Protected Areas, 2017.



## ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများနှင့်ဆိုင်ရာ ဥပဒေနှင့်မူဘောင်

ဤအပိုင်းတွင် စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် သဘောတူစာချုပ်များကို အလေးပေးဖော်ပြထားပြီး စာတမ်းအနှစ်ချုပ်ပါ မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် မူဝါဒနှင့် ဥပဒေမူဘောင် ခြုံငုံချက်ကို ဆွေးနွေးဖော်ပြထားသည့် အခန်း(၃) ဖြစ်သည့် "ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် ဆက်စပ်နေသည့် မူဝါဒနှင့် ဥပဒေမူဘောင်များ၊ အဖွဲ့အစည်းများ" နှင့် တွဲဖက်၍ ဖတ်ရှုသင့်ပါသည်။

**ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၁၂/၂၀၁၈)** သည် အစိုးရ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့် နည်းဗျူဟာများကို အကောင်အထည်ဖော်ပေးသည်။ ၎င်းဥပဒေသည် သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အမျိုးအစား (၇)ခုကို ခွဲခြားသတ်မှတ်၍ ကာကွယ်ပေးသလို အဆိုပါဧရိယာအသီးသီး၌ လုပ်ဆောင်နိုင်သည့် လုပ်ငန်းဆောင်တာများကို သတ်မှတ်ပေးသည်။ ဤဥပဒေ (ပုဒ်မ ၁၃) အရ သဘာဝထိန်းသိမ်းရေး နယ်မြေများမှ ထုတ်ယူသုံးစွဲသည့် ဂေဟစနစ် ဝန်ဆောင်မှုများအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ အခကြေးငွေ ကောက်ယူနိုင်သည့်စနစ်ကို ကျင့်သုံးရန် အခွင့်အာဏာပေးထားသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများသည် ကာကွယ်ထိန်းသိမ်းထားသည့် နယ်မြေများမှ ရေနှင့် အခြားသောဂေဟစနစ် ဝန်ဆောင်မှုများကို ရယူသုံးစွဲပါက တစ်ချိန်ချိန်၌ အခကြေးငွေပေးရမည် ဖြစ်သည်။ အဓိကအားဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထိန်းသိမ်းထားသည့် နယ်မြေများ အနီးပတ်ဝန်းကျင်၌ ဖြစ်ပွားသည့် လုပ်ငန်းဆောင်တာများကို ကြီးကြပ်ကွပ်ကဲခြင်းအားဖြင့် ကြားခံနယ်မြေများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို သတ်မှတ်ပေးခြင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေအနီးရှိ ဧရိယာများအား ကာကွယ်ပေးခြင်းတို့ လုပ်ဆောင်နိုင်ရန် တာဝန်ပေးရာရောက်သည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေး နယ်မြေများ၏စည်းဝိုင်း အနီးတစ်ဝိုက်ရှိ ဧရိယာများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမိန့်အာဏာ ချမှတ်နိုင်သဖြင့် ၎င်းဧရိယာအနီးတစ်ဝိုက်တွင် စိုက်ခင်းများ စိုက်ပျိုးလုပ်ကိုင်ခြင်းမှ ရှောင်ရှားသင့်ကြောင်း နားလည်သဘောပေါက်သွားသဖြင့် အဆိုပါနယ်မြေများတွင် လုပ်ငန်းလုပ်ဆောင်မှုကို နည်းပါးစေသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၉/၂၀၁၂)၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၁၄)** နှင့် **ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)** တို့သည် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးထားသည်။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ (၁)တွင် စိုက်ခင်း/စက်မှုသီးနှံ စိုက်ပျိုးရေးလုပ်ငန်း အမျိုးအစား(ဥပမာ- ရာဘာ၊ ဆီအုန်း၊ ကိုကိုး၊ ကော်ဖီ၊ လက်ဖက်၊ ငှက်ပျော၊ ကြံ)၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေး အမျိုးအစား (ဥပမာ- နံ့စားသီးနှံ၊ ပဲ၊ သစ်ဥသစ်ဖုများ၊ ဆီထွက်သီးနှံများ၊ လျှော်ပင်များ၊ ဟင်းသီး ဟင်းရွက်နှင့် စားကျက်ပင်များ)နှင့် စိုက်ခင်း၏ အရွယ်အစားပေါ်တွင် မူတည်၍ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (သို့မဟုတ်) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လိုအပ်ကြောင်း ဖော်ပြပေးထားပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ထိခိုက်လွယ်သော သဘာဝပတ်ဝန်းကျင် ဧရိယာများတွင် စီးပွားရေးလုပ်ကိုင်မည့် စီမံကိန်းများအနေဖြင့် အသေးစားစီမံကိန်းဖြစ်စေမူ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆောင်ရွက်ရန် လိုအပ်နိုင်သည်။[2] မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးကဏ္ဍတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ထားရှိသည့် စီမံကိန်းအနည်းအကျဉ်းသာရှိပြီး အများပြည်သူ သိရှိနိုင်အောင် ထုတ်ပြန်ကြေငြာထားသည့် ဆန်းစစ်ခြင်းများမှာမူ မရှိသေးပါ။

**အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ**သည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်းလမ်းညွှန်ချက်များတွင် ဂေဟစနစ်ကျန်းမာရေးကို ကာကွယ်ရန် ရည်ရွယ်၍ စိုက်ခင်းများ၊ စက်မှုသီးနှံနှင့် နှစ်ရှည်သီးနှံ စိုက်ခင်းများ၌ လိုက်နာရမည့် စွန့်ထုတ်အရည် ပမာဏတန်ဖိုးများကို သတ်မှတ်ပေးထားသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIAs)၏ အရေးကြီးသည့် အပိုင်းတစ်ခုဖြစ်သော ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်များ (EMPs)၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ လုပ်ငန်းစီမံချက်များကို လိုအပ်နိုင်ပြီး ၎င်းတို့သည် စာချုပ်သဘောအရ လိုက်နာရမည့် ကျင့်ဝတ်များ ဖြစ်သည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်အပြီးတွင် ထုတ်ပေးသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည်လည်း ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ သင့်တော်သလို အထူးလိုအပ်ချက်များ ချမှတ်လာနိုင်သည်။

## ဇယားကွက် ၁။ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သက်ရောက်မှုများနှင့် ဆက်စပ်နေသည့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ - စီးပွားဖြစ် စိုက်ခင်းများ။

| | ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သက်ရောက်မှု | သက်ရောက်မှုအား ဖြစ်ပေါ်စေသည့်(သို့မဟုတ်) ပံ့ပိုးပေးသည့် အကြောင်းအရာများ | ဆက်စပ်နေသည့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ |
|---|---|---|---|
| On-Going Operations<br>ဆက်လက်လုပ်ကိုင်သည့် လုပ်ငန်းများ | သက်ရှိများရှင်သန် ကျက်စားရာနေရာ ထိခိုက်ခံရခြင်း၊ ကျဲပါးလာခြင်းနှင့် ကွယ်ပျောက်ခြင်း၊ မျိုးစိတ်များ နှောင့်ယှက်ခံရမှုနှင့် မျိုးစိတ် အရေအတွက် လျော့ပါးလာမှု | • စိုက်ခင်းအဖြစ် ပြောင်းလဲရန်အတွက် အဆက်မပြတ် မြေနေရာရှင်းလင်းခြင်း၊ အရည်အသွေး လျော့ကျစေခြင်းနှင့် သစ်တော ပြုန်းတီးခြင်းများ။ ဂေဟဗေဒအားဖြင့် အရည်အသွေးနိမ့်ကျနေသည့် ဧရိယာများအား စိုက်ခင်းအဖြစ် အသုံးပြုခြင်းမရှိဘဲ မြေနေရာ အသစ်အား ရှင်းလင်းအသုံးပြုခြင်း။<br>• ရွှေ့ပြောင်းနေရာချထားခံရသည့် ဒေသတွင်းလူထုမှ စိုက်ခင်းနေရာအဖြစ် အသုံးပြုနိုင်ရန်အတွက် မြေနေရာရှင်းလင်းခြင်း။<br>• ပတ်ဝန်းကျင်ထိန်းသိမ်းမှု တန်ဖိုးမြင့်မားသည့် နေရာများအဖြစ် သတ်မှတ်ထားသည့် ဧရိယာများ သို့မဟုတ် ပင်မသစ်တောများအား မြေနေရာ ရှင်းလင်းနိုင်ခြေရှိခြင်း။<br>• တစ်ပိုင်းတစ်စ ခြောက်သွေ့နေသည့် မြေနေရာများ၌ သီးနှံစိုက်ပျိုးရန်အတွက် ရှိရင်းစွဲအပင်များကို ဖယ်ရှားခြင်းအားဖြင့် မြေသား အောက်ရှိ ဆားဓာတ်များ မြေသားမျက်နှာပြင်ပေါ်သို့ ရောက်ရှိလာခြင်း။<br>• လမ်းနှင့် အခြားအခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း။ တိုက်ရိုက်အားဖြင့် သက်ရှိများ ရှင်သန်ကျက်စားရာနေရာများ ပျောက်ဆုံးခြင်းနှင့် နည်းပါးခြင်း ဖြစ်စေနိုင်သလို သွယ်ဝိုက်သောအားဖြင့် မူရင်း၌ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးသည့် နေရာများအား ဖွင့်ပေးခြင်းအားဖြင့် အကျိုးဆက်အနေဖြင့် ပိုမိုနက်နဲသည့် သက်ရောက်မှုများ ဖြစ်နိုင်ခြေရှိသည်။<br>• သစ်တောများ ပြုန်းတီးမှုကြောင့် ရေဝေရေလဲဒေသများ ယိုယွင်းပျက်စီးခြင်း။ | **အစားအစာနှင့် လုံလောက်သည့် လူနေမှုအဆင့်အတန်းဆိုင်ရာ အခွင့်အရေးများ**<br>• အစားအစာများ၊ ဆေးနှင့် လောင်စာပစ္စည်းများ ကုန်ခမ်းသွားသဖြင့် ထွက်ကုန်ဝန်ဆောင်မှုများ နည်းပါးခြင်း (သို့မဟုတ်) မရရှိခြင်း။<br>• အပင်၊ သတ္တဝါနှင့် ၎င်းတို့၏ နေထိုင်ကျက်စားရာနေရာများ ထိခိုက်ခံရခြင်း၊ (သို့မဟုတ်) အရည်အသွေး လျော့ကျခြင်းကြောင့် အစာရေစာရရှိမှု အကန့်အသတ်ရှိခြင်း။<br><br>**ရေရပိုင်ခွင့်**<br>• ရေရယူနိုင်မည့် လမ်းကြောင်းကို ပိတ်ဆို့ထားခြင်းကြောင့် အမှန်တကယ် ရေသုံးစွဲနိုင်မှု နည်းပါးသွားခြင်း။<br>• ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် သန့်ရှင်းသည့်ရေ ရယူသောက်သုံးနိုင်မှု နည်းပါးခြင်း။<br>• လုပ်ငန်းလည်ပတ်မှုများအတွက် သုံးစွဲရသောကြောင့် ရေပမာဏ နည်းပါးသွားခြင်း။<br>• ရေသံသရာနှင့် မြေအောက်ရေပိုင်းဆိုင်ရာလမ်းကြောင်းများ ပြောင်းလဲသွားခြင်းကြောင့် မြေအောက်ရေ နည်းပါးသွားခြင်း အပါအဝင် သဘာဝအရ လည်ပတ်နေသော ဝန်ဆောင်မှုများ နည်းပါးသွားခြင်း။<br><br>**ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ**<br>• ညစ်ညမ်းသည့် အပင်နှင့် သတ္တဝါများအား စားသုံးမိခြင်းကြောင့် တိုက်ရိုက်အားဖြင့် ဆိုးကျိုးခံစားရခြင်း။<br>• ကျန်းမာရေးအတွက် အကျိုးရှိသည့် အပင်နှင့် သတ္တဝါမျိုးစိတ်များကိုရယူစားသုံးနိုင်မှု နည်းပါးခြင်းကြောင့် သွယ်ဝိုက်၍ ဆိုးကျိုးခံစားရခြင်း။ |
| | သက်ရှိများ ရှင်သန်ကျက်စားရာ နေရာများ ထိခိုက်ပျက်စီးခံရမှု၊ ကျဲပါးလာမှုနှင့် ဆုံးရှုံးမှု | • အားနည်းညံ့ဖျင်းသည့် စိုက်ပျိုးရေးစီမံခန့်ခွဲမှု နည်းလမ်းများကြောင့် မြေနေရာအရည်အသွေး နိမ့်ကျခြင်း၊ မြေဆီလွှာ တိုက်စားခံရခြင်း၊ ဆားပေါက်မြေ ဖြစ်ပေါ်ခြင်း၊ မြေဆီလွှာ သိပ်သည်းမှု မြင့်မားခြင်း၊ မြေသား အာဟာရ ကုန်ခမ်းခြင်းတို့ကြောင့် မြေဆီလွှာ အရည် အသွေးနှင့် အပင်ဖြစ်ထွန်းမှု နိမ့်ကျလာသဖြင့် နောက်ဆက်တွဲအနေဖြင့် စိုက်ပျိုးရေး အထွက်နှုန်းကိုပါ လျော့ကျစေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ တောင်ကုန်းဒေသများတွင် စိုက်ပျိုးရေးလုပ်ကိုင်ရာ၌ တောင်စောင်းအခြေအနေကို ထည့်သွင်း မစဉ်းစားပါက မိုးရာသီ၌ မြေဆီလွှာတိုက်စားမှု အလွန်ခံစားရမည်ဖြစ်သည်။<br>• သီးနှံထွက်နှုန်း နည်းပါးနေပါက သီးနှံစိုက်ပျိုးမှု နည်းစနစ် (သို့မဟုတ်) နည်းပညာသုံးစွဲမှုကို ပိုမိုကောင်းမွန်အောင် မြှင့်တင်မည့်အစား စိုက်ခင်းဧရိယာများအား ဆက်လက် ချဲ့ထွင်နေခြင်း။<br>• ပိုးသတ်ဆေးနှင့် မြေသြဇာဖြင့် ညစ်ညမ်းနေသည့် ရေများ လျှံဆီးခြင်းကြောင့် ပတ်ဝန်းကျင်အတွင်းသို့ နိုက်ထရိုဂျင်နှင့် ဖော့စပရပ်ဓာတ်များ အလွန်အကျွံ ထုတ်လွှတ်မိခြင်း။<br>• မြေဆီလွှာ သိပ်သည်းမှု မြင့်မားသဖြင့် ရေစိမ့်ဝင်ရောက်နိုင်မှုကို တားဆီးထား၍ မြေမျက်နှာပြင်ပေါ် ရေတင်ကျန်မှု များပြားစေပြီး အကျိုးဆက်အနေဖြင့် လျှံထွက်သည့် ရေများတွင် မြေသားနန်းများ ရောထွေးပါဝင်နေကာ အဏ္ဏဝါ ဂေဟစနစ်များအတွင်းသို့ ရောက်ရှိ၍ အနှောင့်အယှက်ဖြစ်စေခြင်း။<br>• ဇလဗေဒပိုင်းဆိုင်ရာ၊ မြေအောက်ရေပိုင်းဆိုင်ရာ လမ်းကြောင်းများအား အနှောင့်အယှက်ပြုမှုကြောင့် ကုန်းတွင်း (သို့မဟုတ်) ရေအောက်ရှိ ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုများ ကျရောက်စေခြင်း။ | |
| | အရင်းအမြစ်များအား အလွန်အကျွံ သုံးစွဲခြင်း | • ရေအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်း/ကုန်ခမ်းစေခြင်း။ မြန်မာနိုင်ငံရှိ လေ့လာစုဆောင်းထားသည့် လက်ရှိ ကိန်းဂဏန်းများအရ ရေအရင်းအမြစ် ထုတ်ယူသုံးစွဲမှု၏ ၈၉% သည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဖြစ်သည်။[3]<br>• ရေအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုကြောင့် စိမ့်မြေများ ပျောက်ကွယ်လာခြင်း။<br>• စိုက်ပျိုးရေးလုပ်ငန်း အပြင်းအထန်လုပ်ဆောင်လာခြင်းကြောင့် မြေဆီလွှာအရည်အသွေး နိမ့်ကျလာခြင်း။ | |

<table>
<tr><th colspan="4">ဇယားကွက် ၁။ အဆက် ...</th></tr>
<tr>
<td rowspan="3">On-Going Operations<br>ဆက်လက်လုပ်ကိုင်သည့်<br>လုပ်ငန်းများ</td>
<td>ဂေဟစနစ် ပြောင်းလဲမှုများ</td>
<td>• မြေသြဇာသုံးစွဲမှု များပြားလာခြင်း (ဥပမာ အင်းလေးကန်အနီးတစ်ဝိုက်တွင်) သည် သဘာဝဂေဟစနစ်များအတွင်းသို့ နိုက်ထရိုဂျင်ဓာတ် အများအပြား ရောက်ရှိသွားစေသဖြင့် အဆိုပါ နိုက်ထရိုဂျင်ဓာတ်အား လျင်မြန်စွာ လိုက်လျောညီထွေနေထိုင်နိုင်သည့် ကြီးထွားနှုန်း မြန်သည့် မျိုးစိတ်များအား ပံ့ပိုးပေးရာရောက်သည်။ မျိုးစိတ်များသည် ကွဲပြားခြားနား သည့် အာဟာရအခြေအနေတွင် ရှင်သန်နေထိုင်ကြသောကြောင့် မြေသြဇာအလွန်အကျွံသုံးစွဲမှု၏ အကျိုးဆက်အနေဖြင့် ဂေဟစနစ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။<br>• စိုက်ပျိုးရေးဇရိယာများအတွင်းနှင့် ကြားပတ်ဝန်းကျင်တွင် ဒေသခံဇီဝမျိုးစုံမျိုးကွဲများအတွက် နေရာဒေသတစ်ခု သတ်မှတ်ထိန်းသိမ်းပေးနိုင်မှု မရှိခြင်း။<br>• လုပ်ငန်းလည်ပတ်သည့် ဖုန်နှင့် နှိုင်းယှဉ်ပါက နောင့်ယှက်မှု နည်းပါးသည့် အခြားဖုန်များ ထားရှိနိုင်မှု မရှိခြင်း (သို့မဟုတ်) စိုက်ခင်းများတွင် သားရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားရာ နေရာများနှင့် စုံလင်ကွဲပြားသည့် အပင်များ ထိန်းသိမ်းထားရှိမှု မရှိခြင်း။</td>
<td rowspan="3">ယဉ်ကျေးမှုပိုင်းဆိုင်ရာ အခွင့်အရေးများ<br>• ယဉ်ကျေးမှုပိုင်းအရ သိသာထင်ရှားသည့် သက်ရှိများ ရှင်သန်နေထိုင်ရာနေရာများသို့ သွားရောက်နိုင်မှု နည်းပါးခြင်း (သို့မဟုတ်) မရှိခြင်း။<br><br>နေအိမ်ဆိုင်ရာ အခွင့်အရေး<br>• မြေသိမ်းဆည်းခြင်း (သို့မဟုတ်) အတင်းအဓမ္မ နှင်ထုတ်ခံရခြင်းကြောင့် ရိုးရာမြေနေရာနှင့် နေအိမ်များမှ ရွှေ့ပြောင်းပေးရခြင်း။<br><br>လုံခြုံရေးဆိုင်ရာ အခွင့်အရေးများ<br>• ဂေဟစနစ်ဝန်ဆောင်မှုများ (ဥပမာ-ရေ) ပေါ်ကျရောက်လာသည့် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ ဒေသတွင်း လူထုများနှင့် စိုက်ပျိုးရေးကုမ္ပဏီများကြား၌ ပဋိပက္ခများ ဖြစ်ပွားခြင်း။<br>• ယခင်က လူသူမပေါက်ရောက်သော နေရာများအား လမ်းဖွင့်ပေးခြင်းအားဖြင့် တရားမဝင် သစ်ပင်များ ခုတ်လှဲခြင်းနှင့် တောရိုင်းတိရစ္ဆာန်များအား မှောင်ခိုကူးခြင်းတို့ ဖြစ်ပွားနိုင်သဖြင့် လုံခြုံရေးပိုင်းဆိုင်ရာ အန္တရာယ် ပိုမိုများပြားလာခြင်း။</td>
</tr>
<tr>
<td>မျိုးစိတ်များ ထိခိုက်ဆုံးရှုံးခံရခြင်း (သို့မဟုတ်) ဆုံးရှုံးခြင်း</td>
<td>• နံစားသီးနှံများ၊ အရိပ်ရရန်နှင့် ပိုးမွှားများ နှိမ်နင်းရန်အတွက်ရည်ရွယ်၍ ဒေသရင်း မျိုးစိတ်မဟုတ်သည့် ကျူးကျော်ဝင်ရောက်လာသော မျိုးစိတ်များအား မိတ်ဆက်အသုံးပြုခြင်းအားဖြင့် နဂိုရည်ရွယ်ထားသည်ထက် ပိုမို၍ အဆိုပါမျိုးစိတ်များ ပြန့်ပွား၍ ကျူးကျော်မှုပြုလာခြင်း။<br>• ဝတ်မှုန်ကူးသည့် မျိုးစိတ်များ ရှင်သန်ကျက်စားရာနေရာများ ကျဲပါးလာခြင်း၊ ၎င်းမျိုးစိတ်များ၏ မျိုးပွားမှုနှင့် အရေအတွက်ကို လျော့ကျစေသည့် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဓာတုပစ္စည်းများ၊ ကပ်ပါးကောင်နှင့် ရောဂါများ၊ ကျူးကျော်ဝင်ရောက်လာသည့် မျိုးစိတ်များအား စတင်အသုံးပြုခြင်း အစရှိသည့် အကြောင်းရင်းများကြောင့် ဝတ်မှုန်ကူးသည့် မျိုးစိတ်အရေအတွက် နည်းပါးလာခြင်း။<br>• စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ဓာတုပစ္စည်းများ စွန့်ပစ်မှုကြောင့် လူဦးရေ အရေအတွက် ကျဆင်းလာခြင်း။<br>• ဆူညံသံ၊ အလင်း၊ ဖုန် အစရှိသည်တို့ကြောင့် အပင်နှင့် သတ္တဝါများ နှောင့်ယှက်ခံရခြင်း။<br>• သီးနှံဖျက်ပိုးမွှားများအား နှိမ်နင်းရန်အတွက် ဓာတုပစ္စည်းများ အသုံးပြုခြင်းသည် သီးနှံဖျက် ပိုးမွှားများကို ဖမ်းယူစားသုံးသည့် အကောင်များ (ဥပမာ-ငှက်များ၊ ပုတ်သင်ညိုများနှင့် အခြားသော ပိုးကောင်များ) အတွက်လည်း အန္တရာယ်ရှိသဖြင့် ပိုးမွှားများနှင့် ၎င်းတို့ကို စားသုံးသည့် သတ္တဝါတို့ကြားရှိ ဆက်သွယ်မှု နှောင့်ယှက်ခံရခြင်း။</td>
</tr>
<tr>
<td>ရာသီဥတု ပြောင်းလဲမှုကြောင့် သက်ရှိများ ရှင်သန်နေထိုင်ရာနေရာများ ပြောင်းလဲခြင်း</td>
<td>• သစ်တောများအား စိုက်ခင်းအဖြစ် ရေရှည် ပြောင်းလဲလိုက်ခြင်းသည် မြေယာသုံးစွဲမှု ပြောင်းလဲသွားသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုများ တိုးပွားလာစေခြင်း။<br>• မြေအရည်အသွေးနိမ့်ကျခြင်းသည် မြေကြီးအပေါ် နှင့် မြေကြီးအောက်ရှိ အကျိုးပြုဇီဝသက်ရှိများ၏ အရေအတွက်အား လျော့နည်းစေသဖြင့် ကာဗွန် fixation ခေါ် ကာဗွန်စုစည်းခြင်းကို လျော့ကျစေသည်။<br>• ထပ်ဆင့် မြေထွန်ခြင်းသည် မြေသားထဲရှိ ကာဗွန်ဓာတ်ကိုလည်း လျော့ကျစေသည်။</td>
</tr>
</table>

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဆောင်ရွက်နေသည့် ကုမ္ပဏီများ (သို့မဟုတ်) သက်ဆိုင်ရာလမ်းညွှန် ချက်များကို ရှာဖွေလျက်ရှိသည့် ကုမ္ပဏီအနေဖြင့် အသုံးပြုနိုင်သည့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အရေးကြီးသည့် ဇီဝမျိုးစုံမျိုးကွဲ နယ်မြေများ၏စာရင်းများ အများအပြား ရှိပါသည်။

- အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၏ ၂၀၁၂ ခုနှစ်တွင် ထွက်ရှိလာသည့် လုပ်ဆောင်မှု စံသတ်မှတ်ချက်များတွင် ပါဝင်သည့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သက်ရှိ သဘာဝရင်းမြစ်များကို ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်းဆိုင်ရာ စံသတ်မှတ်ချက် (၆)။
- ရေရှည်တည်တံ့သည့် ဆီအုန်းဆိုင်ရာ စကားဝိုင်း (Round Table on Sustainable Palm Oil)[4] နှင့် တာဝန်ယူမှုရှိသည့် ပဲပိစပ်ဆိုင်ရာ စကားဝိုင်း (Round Table on Responsible Soy) အစရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များအား စီမံခန့်ခွဲခြင်း နည်းလမ်းများပါဝင်သည့် စိုက်ပျိုးရေးထွက်ကုန် စိစစ်သတ်မှတ်ခြင်း နည်းစနစ်များနှင့် စံချိန်စံညွှန်းများအား မြန်မာနိုင်ငံအနေဖြင့် အတုယူလေ့လာနိုင်သလို မကြာမီအချိန်ကာလများ၌ လက်တွေ့ပင် ကျင့်သုံးလာနိုင်ပါသည်။

## ကုမ္ပဏီများအတွက် အကြံပြုချက်များ

အနှစ်ချုပ်စာတမ်းတွင် ကုမ္ပဏီများအားလုံးအတွက် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ယေဘုယျအကြံပြုချက်များ ဖော်ပြပေးထားပါသည်။ စိုက်ပျိုးရေးကဏ္ဍရှိ ကုမ္ပဏီများအတွက် သီးခြား အကြံပြုချက်များမှာမူ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

### မဖြစ်မနေ လိုက်နာသင့်သော

- ဥပဒေအရ ကာကွယ်ထားသည့် သဘာဝထိန်းသိမ်းရေး နယ်မြေများ (သို့မဟုတ်) ကာကွယ်ရန် ရည်ရွယ်ထားသည့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ (ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် တည်နေရာများ အပါအဝင်)အဖြစ် သတ်မှတ်ရန် ရည်ရွယ်ထားသည့် ဧရိယာများ (သို့မဟုတ်) အဓိကအရေးပါသည့် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိရာနယ်မြေများ (KBAs) အတွင်း သို့မဟုတ် အနီးအနား၌ စိုက်ခင်းများ လုပ်ကိုင်ခြင်းကို ရှောင်ကျဉ်ပါ။ ပတ်ဝန်းကျင် ထိန်းသိမ်းမှု တန်ဖိုးမြင့်မားသည်ဟု သတ်မှတ်ထားသည့် မြေနေရာများ (HCVs)တွင် စိုက်ခင်းလုပ်ကိုင်ခြင်းကို ရှောင်ရှားပါ။
- ကုမ္ပဏီသည် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းကို ဆောင်ရွက်ရန်လိုအပ်ပါက အဆင့်တစ်ခုချင်းစီတွင် (စစ်ဆေးခြင်း၊ နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း၊ ဆန်းစစ်ခြင်း၊ စီမံခန့်ခွဲမှု၊ စောင့်ကြည့်ကွပ်ကဲခြင်းနှင့် အစီရင်ခံခြင်း)၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် စီစဉ်ရေးဆွဲထားသည့် ဇီဝမျိုးစုံမျိုးကွဲများ လုပ်ငန်းအစီအစဉ်များတွင် အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကို ပါဝင်အောင် ထည့်သွင်းခြင်း။
- ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ ဥပဒေဆိုင်ရာ လိုအပ်ချက်အတိုင်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း မူကြမ်းများ (နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်များ)အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်သွင်းပြီးသည်နှင့် တစ်ပြိုင်နက် ကုမ္ပဏီ ဝက်(ဘ်)ဆိုက်များပေါ်တွင် ထုတ်ပြန်ကြေငြာခြင်း။ ထို့ပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်သွင်းသည့် နောက်ဆက်တွဲ စောင့်ကြည့်ကွပ်ကဲခြင်းဆိုင်ရာ အစီရင်ခံစာများကိုလည်း ထုတ်ပြန်ကြေငြာရမည်ဖြစ်သည်။

### လိုက်နာသင့်သော

- တာဝန်ယူမှုရှိသည့် ပဲပိစပ်ဆိုင်ရာ စကားဝိုင်းကဲ့သို့သော ထုတ်ကုန်ပစ္စည်း ခွဲခြားသတ်မှတ်သည့် နည်းစနစ်များတွင် ပါဝင်သည့် လမ်းညွှန်ချက်များနှင့် ကိုက်ညီအောင် အလေ့အကျင့်များကို လုပ်ဆောင်ပါ။
- စိုက်ပျိုးရေးကဏ္ဍအတွက် အောက်ဖော်ပြပါကဲ့သို့သော သက်ဆိုင်ရာလမ်းညွှန်ချက်များကို အသုံးပြုခြင်းအားဖြင့် ဇီဝမျိုးစုံမျိုးကွဲများအား စီမံခန့်ခွဲခြင်းနှင့် ကာကွယ်ခြင်းအတွက် ကြောင်းကျိုးသိရှိနားလည်ပြီး ကြိုကြိုတင်တင် ကိုင်တွယ်ဖြေရှင်းသည့် ချဉ်းကပ်မှုပုံစံကို ကျင့်သုံးပါ။


- CSR Asia (2017). Agribusiness and the SDGs: How the agribusiness sector in ASEAN can embrace the Sustainable Development Goals. Oxfam; CSR Asia; Swedish International Development Cooperation Agency (Sida)
- FAO (2016). Sustainable Agriculture for Biodiversity: Biodiversity for Sustainable Agriculture. Food and Agriculture Organisation, Rome.
- FAO (2015). Incentives for Ecosystem Services in Agriculture (IES). Food and Agriculture Organisation, Rome.
- IIED and ProForest (2004). Better Management Practices and Agribusiness Commodities Phase Two Report: Commodity Guides.
- Leibel, N. (2011). Protecting Biodiversity by Working with Agribusiness Supply Chains. United Nations Development Programme
- ZSL (2011 ) A Practical Handbook for Conserving High Conservation Value Species and Habitats within oil palm landscapes
- ZSL (2013) Practical Toolkit for Identifying and Monitoring Biodiversity in Oil Palm Landscapes


- မြန်မာနိုင်ငံအစိုးရအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ယူနိုင်သည့် စွမ်းရည်နည်းပါးနေသောကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကြိုးစား လုပ်ကိုင်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့်နှင့် အတူတကွ ပူးပေါင်း၍ သက်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သတင်းအချက်အလက်များကို ဥပမာအားဖြင့် အောက်ပါနေရာများတွင် မျှဝေပေးနိုင်ရန် ကြိုးစားရမည် ဖြစ်သည်။
  - » Myanmar Biodiversity Clearing House Mechanism
  - » Myanmar Alliance for Conservation
  - » OneMapMyanmar(OMM)

**Endnotes**

1 See FFI. https://www.fauna-flora.org/approaches/biodiversity-business/agricultural-landscapes
2 RSPO http://www.rspo.org
3 EIA Procedure (2015), Article 25.
4 FAO (2016). AQUASTAT. Main Database, Food and Agriculture Organization of the United Nations, Rome

**Photo Credits**
Cover: Shutterstock, 2017; Farmer working in a rice field in Shan state Myanmar.
p3: Shutterstock, 2018; Myanmar traditional farmer planting in field.
Back Cover: Josep Castell, 2013; Rice field, Myanmar.



Myanmar Centre for Responsible Business


**လိပ်စာ**

၆ (က)၊ ရှင်စောပုလမ်း၊ ကရင်ခြံရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်၊ မြန်မာ

**P.** +95 1 512613

**E.** info@myanmar-responsiblebusiness.org

**www.mcrb.org.mm**

**www.myanmar-responsiblebusiness.org**